

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၈/၂၀၂၄)

ဒေါ်ကျော့ကေခိုင်ပါ(၄၁၆)ဦး(အလုပ်သမား)
နဝဒေးလမ်း၊ ရွှေဥက္ကံရပ်ကွက်၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။
၀၉-၉၈၇၄၅၅၃၃၃၃ } တောင်းဆိုသူ

နှင့်

ဒေါ်ခိုင်သဇင်မြင့်(ယခင်အလုပ်ရှင်)
New Way Shoe Co., Ltd(ဖိနပ်စက်ရုံ)
Mr. Yaung Ju Hsueh (ယခုအလုပ်ရှင်)
Mountain Top Co., Ltd
အမှတ်(၁၈၀/ဘီ)၊ ကျန်စစ်သားလမ်း၊ စက်မှုဇုန်(၄)၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။
၀၉-၄၄၀၄၄၉၉၆၀ } တောင်းဆိုခြင်းခံရသူ

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၄)၊ ကျန်စစ်သားလမ်း၊ အမှတ်(၁၈၀/ဘီ)၊ New Way Shoe Co., Ltd(ဖိနပ်စက်ရုံ)မှ ဒေါ်ခိုင်သဇင်မြင့်(အလုပ်ရှင်)နှင့် အလုပ်သမား ဒေါ်ကျော့ကေခိုင်ပါ(၄၁၆)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်

J။ ဤမှုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

ကောက်ချက်။ အလုပ်သမား ဒေါ်ကျော့ကေခိုင်ပါ (၄၁၆)ဦး၏ နစ်နာကြေးများ တောင်းဆိုခြင်း အပေါ် ရထိုက်ခွင့် ရှိ/မရှိ။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် New Way Shoe Co., Ltd(ဖိနပ်စက်ရုံ)မှ ဒေါ်ခိုင်သဇင်မြင့် (အလုပ်ရှင်)နှင့် အလုပ်သမား ဒေါ်ကျော့ကေခိုင်ပါ(၄၁၆)ဦးတို့အကြား စက်ရုံပိုင်ရှင်နှင့် စက်ရုံအမည်ပြောင်းလဲခြင်းကြောင့် ယခင်အလုပ်ရှင်ထံမှ ယခုအလုပ်သမားသည် (၈၄/၂၀၁၅) အမိန့်ညွှန်ကြားချက်နှင့်အညီ နစ်နာကြေးများရလိုကြောင်း တောင်းဆိုတိုင်ကြားလာခြင်းဖြစ်ပြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၅)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရုံးကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

စစ်ဆေးတွေ့ရှိချက်

၄။ အလုပ်သမား ဒေါ်ကျော့ကေခိုင်ပါ(၄၁၆)ဦးကိုယ်စား ဒေါ်စိမ်းလဲ့ဝင်း၊ ဒေါ်အေး၊ ဒေါ်ကျော့ကေခိုင်နှင့် ဒေါ်သင်းကြူတို့(၄)ဦး၏ ထွက်ဆိုချက်များအရ New Way Shoe Co., Ltd (ဖိနပ်စက်ရုံ)တွင် အုပ်ချုပ်မှုပိုင်းကို တရုတ်လူမျိုး ရန်ကျုံးက စီမံအုပ်ချုပ်ပြီး လစာပိုင်းကို မန်နေဂျာ၊ ဒေါ်နှင်းယုမော်မှ စီမံခန့်ခွဲပါကြောင်း၊ ယခင်ပိုင်ရှင်မှာ ဒေါ်ခိုင်သဇင်မြင့်ဖြစ်ပြီး (၈-၁-၂၀၂၄)ရက်နေ့တွင် ပိုင်ရှင်မှာ Mr. Yaung Ju Hsueh ဖြစ်ကြောင်းသိရှိရပါကြောင်း၊ Mr. Yaung Ju Hsueh ကို (၂၀၁၇-၂၀၁၈)ခုနှစ်ကတည်းက စက်ရုံတွင် တွေ့ဖူးခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် မန်နေဂျာ ရန်ကျုံး ပြန်သွားပြီးနောက် Mr. Yaung Ju Hsueh က စက်ရုံသို့ အမြဲလာပါကြောင်း၊ (၈-၁-၂၀၂၄)ရက်နေ့ နောက်ပိုင်းတွင် စက်ရုံတွင် အလုပ်လုပ်နေပါကြောင်း၊ ဒေါ်ခိုင်သဇင်မြင့် (ပိုင်ရှင်)မှ အလုပ်သမားများအားလုံးကို အလုပ်ရပ်စဲခြင်းကို စာဖြင့်၊ နှုတ်ဖြင့်သတိပေးခြင်းမရှိပါကြောင်း၊ အလုပ်သမားအားလုံး ယနေ့အထိ အလုပ်လုပ်ကိုင်နေကြပြီး လုပ်ခလစာထုတ်ယူဆဲဖြစ်ပါကြောင်း၊ New Way Shoe Co., Ltd (ဖိနပ်စက်ရုံ) အမည်ပြောင်း၊ ပိုင်ရှင်ပြောင်းသောကြောင့် နောက်အလုပ်ရှင်မှာ ရန်ပု ဖြစ်ပြီး သားမှာ Mr. Yaung Ju Hsueh ဟုသိရပါကြောင်း၊ စက်ရုံအမည်၊ ပိုင်ရှင်အမည်ကို (၃-၆-၂၀၂၃) ရက်နေ့

တွင် ပြောင်းသည်ဟုသိရပါကြောင်း၊ စက်ရုံအဝင်ဝတွင် ယခင် New Way Shoe Co., Ltd (ဖိနပ်စက်ရုံ)ဆိုင်းဘုတ်ရှိပြီး ယခု မည်သည့်ဆိုင်းဘုတ်မှမရှိကြောင်း၊ Export အဝင်/ အထွက်ကို Mountain Top Co., Ltd ဖြင့် လုပ်ထားကြောင်းပြောပြီး (၁၁-၁၁-၂၀၂၃) ရက်နေ့တွင် New Way ဟုဆိုပါသောစာဖြင့် ဥပဒေကြားပါကြောင်း၊ လိုင်သာယာမြို့နယ်ရှိ New Way Shoe Co., Ltd မှ စက်နှုတ်သားများအား ဝါးတစ်ရာစက်မှုဇုန်ရှိ Mountain Top စက်ရုံသို့ ပြောင်းရွှေ့ပါက ထိုက်မည်/ မထိုက်မည်ဘူးရွေးချယ်ပြီး မထိုက်လျှင် အရစ်ကျလျော်ကြေးပေးမည်ဖြစ်ကြောင်း၊ ထိုက်မည်သူကို လျော်ကြေးအဖြစ် လစာတွင် နည်းနည်းစီထည့်ပေးမည်ဟု စာထုတ်ခံရာ အလုပ်သမားများမှာ မထိုက်ကြသဖြင့် စက်ရုံကို မပြောင်းရွှေ့ဖြစ်ပဲ လက်ရှိနေရာတွင် ယနေ့အထိ ဆက်လက်လုပ်ကိုင်နေခဲ့ကြကြောင်း၊ Mr. Yaung Ju Hsueh လုပ်ကိုင်နေချိန်တွင် အလုပ်ချိန်၊ အလုပ်သမားများ၏ ရထူး၊ လစာ၊ နေရာပြောင်းလဲမှုမရှိကြောင်း၊ အလုပ်သမား ဒေါ်ခင်ချစ်သံကျော် (စက်ဖြတ်လုပ်သား) တစ်ဦးသာ ထမင်းစားဆောင်သို့ သန့်ရှင်းရေးအဖြစ် ပြောင်းသွားသော်လည်း ဝန်းကျင်ညစ်ညမ်းမှုမရှိခဲ့ပါကြောင်း၊ မြို့နယ်ညီနွှဲဖြေရေးတွင် အလုပ်ရှင်၊ အလုပ်သမား ညီနွှဲခဲ့စဉ် ပိုင်ရှင်အသစ်ဖြစ်သူ Mr. Yaung Ju Hsueh က လက်ရှိအလုပ်သမားများအားလုံးကို မူလထုတ်၊ မူထသစ်၊ မူလုပ်သက်၊ မူလနေရာအတိုင်း လွှဲပြောင်းတာဝန်ယူမည်ဟု သိရှိရပါကြောင်း၊ အလုပ်သမားများက စက်ရုံအမည်ပြောင်း၊ ပိုင်ရှင်အမည်ပြောင်းသဖြင့် လက်မခံခဲ့ပါကြောင်း၊ မြန်မာသူငယ်း၊ မြန်မာလူမျိုးဖြစ်သူ ဒေါ်ခိုင်သစ်ဖြင့်ကို ယုံကြည်မှုဖြင့် လက်တွဲခဲ့ကြောင်း၊ နောက်လူနှင့် လက်တွဲမလုပ်ကိုင်လိုကြောင်း၊ အလုပ်သမား ဒေါ်ခင်ချစ်သံကျော် အလုပ်နေရာပြောင်းရွှေ့မှုအတွက် မပြောင်းရန် အလုပ်သမားများက တောင်းဆိုရာ ရပ်ကွက် ဥက္ကဋ္ဌ၊ ထုတ်ဝန်ကူး ဒဏ္ဍာနှင့် စစ်သားများပါဝင်သောအဖွဲ့ဖြင့် (၅-၂-၂၀၂၄)ရက်နေ့တွင် စက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး ဒေါ်ခင်ချစ်သံကျော်မှ သဘောတူလက်ခံသောကြောင့် နှစ်နာကြေးပေးပြီး အလုပ်ထုတ်ခဲ့ကြောင်း၊ အလုပ်သမားများသည် မူလစက်ရုံ၊ မူလနေရာ၊ မူလလစာ၊ မူလရာထူးအတိုင်း ထုပ်ကိုင်ရမည်ဟုသိသော်လည်း စက်ရုံအမည်ပြောင်း၊ ပိုင်ရှင်အမည်ပြောင်း၊ အုပ်ချုပ်မှုပြောင်းသဖြင့် အဆင်မပြေသောကြောင့် နှစ်နာကြေးတောင်းဆိုခြင်းဖြစ်ပါကြောင်း၊ အလုပ်ရှင်ဟောင်း ဒေါ်ခိုင်သစ်မြင့် ၊ အလုပ်ရှင် Mr. Yaung Ju Hsueh တို့မှ အလုပ်သမားများအား အလုပ်ရပ်စဲမှု၊ ထုတ်ပယ်မှုကို စာဖြင့်ထည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ပြောကြားခဲ့ခြင်းမရှိပါကြောင်း၊ နှစ်နာကြေးရယူလိုပြီး စက်ရုံတွင် ဆက်လက်လုပ်ကိုင်လိုခြင်းမရှိကြောင်း၊ နောက်အလုပ်ရှင် အဖွဲ့အစည်း/ ပြုန်ဒေါ်မည်ဆိုပါက ဆက်လက်လုပ်ကိုင်လိုသူများ ဆက်လက်လုပ်ကိုင်ရန်၊ မလုပ်ကိုင်လိုကြသူများ ဆက်လက်အလုပ်ကိုင်ရန် အလုပ်သမားများက ပြောကြားခဲ့ပါကြောင်း၊ လစာစာရင်းတွင်

ပါသော လုပ်သက်ကြေးကို ပိုင်ရှင်ပြောင်း၊ စက်ရုံအမည် ပြောင်းသော်လည်း ပြောင်းလဲမှုမရှိ ပါကြောင်း၊ ယခင်အတိုင်း လုပ်သက်ကြေးအဖြစ် အမြင့်ဆုံး ၅၀၀၀၀/- ကျပ် ရရှိနေပါကြောင်း (၃-၆-၂၀၂၃)ရက်နေ့ မတိုင်မီကာလကို နစ်နာကြေးပေးလိုကြောင်း (၃-၆-၂၀၂၃)ရက်နေ့ နောက်ပိုင်း လည်ပတ်ခြင်းအတွက် နှစ်သက်ရာ အလုပ်သမားများအား ရွေးချယ်ခန့်ထားနိုင်ပါကြောင်း အလုပ် သမားကိုယ်စားလှယ်များမှ ထွက်ဆိုခဲ့ပါသည်။

၅။ အလုပ်ရှင် ဒေါ်ခိုင်သဇင်မြင့်မှ ထွက်ဆိုတင်ပြရာတွင် New Way Shoe Co., Ltd (ဖိနပ်စက်ရုံ)ကို ဒါရိုက်တာအဖွဲ့ဝင် (၃၆)ဦးဖြင့် ၂၀၀၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဒေါ်ခိုင်သဇင်မြင့်မှ ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ New Way Shoe Co., Ltd (ဖိနပ်စက်ရုံ)၏ စီမံခန့်ခွဲရေးအတွက် Mountain Top Co., Ltd ပိုင်ရှင် Mr. Yaung Ju Hsueh ၏ ဖခင် ရန်ပုကို ကုမ္ပဏီမှ တာဝန်ပေးခန့်ထားပါကြောင်း၊ စက်ရုံကို ၂၀၀၄ ခုနှစ်မှ စတင် လည်ပတ်ပြီး ၂၀၀၉ ခုနှစ်မှစပြီး ၎င်း၏ တူဖြစ်သူ ရန်ကျုံးကို အထွေထွေမန်နေဂျာအဖြစ် ခန့်ထားလုပ်ကိုင်ခဲ့ကြောင်း ကိုဗစ်ကာလတွင် အော်ဒါနည်းသည့်အတွက် Mountain Top Co., Ltd က လွှဲပြောင်းလုပ်ကိုင်လိုသဖြင့် လွှဲပြောင်းပေးခဲ့ကြောင်း၊ Mountain Top Co., Ltd က တာဝန်ခံရသော်လည်း ပြဿနာဖြစ်သောအခါ New Way Shoe Co., Ltd က လိုက်လံ ဖြေရှင်းနေရသဖြင့် Mountain Top Co., Ltd က စက်ရုံအလုပ်သမားများကို စာချုပ်ချုပ်ဆို လွှဲပြောင်းယူခဲ့ကြောင်း၊ Mountain Top Co., Ltd က အလုပ်သမားများ၏ လုပ်ခလစာ၊ စက်ရုံ၊ အလုပ်သမားရေးရာကိစ္စများ တာဝန်ယူရန် စာချုပ်ချုပ်ဆိုပြီး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ တွင်လည်း အလုပ်သမားများကိစ္စချုပ်ဆိုပေးရန် တင်ပြခဲ့ကြောင်း၊ အလုပ်သမားများက သဘောတူသူမရှိခဲ့ကြောင်းနှင့် နစ်နာကြေးတောင်းဆိုခဲ့ရာ စက်ရုံပိတ်ခြင်း၊ ရပ်ဆိုင်းခြင်းမရှိ သဖြင့် နစ်နာကြေးမပေးနိုင်ပါကြောင်း၊ စက်ရုံလွှဲပြောင်း လက်ခံသူကလည်း ယခင်ကတည်းက စက်ရုံ အုပ်ချုပ်မှုပိုင်းဆောင်ရွက်နေသူဖြစ်သောကြောင့် အလုပ်သမားများအတွက် အပြောင်း အလဲမရှိဘဲ ဆက်လက်တည်ရှိနေပါကြောင်း၊ ရန်ပုကာလ (၃-၆-၂၀၂၃)ရက်နေ့မတိုင်မီ အလုပ် သမားလစာများကို New Way Shoe Co., Ltdက ပေးခဲ့ပြီး (၃-၆-၂၀၂၃)ရက်နေ့နောက်ပိုင်းတွင် Mountain Top Co., Ltdက ရှင်းပေးပါကြောင်း၊ အလုပ်သမားများ၏ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ လစာစာရင်းတွင် လုပ်သက်ကြေးကို အလုပ်ဝင်ရောက်သည့် ရက်အပေါ်မူတည်၍ တွက်ချက် ပေးခဲ့ကြောင်း၊ ကိုဗစ်ကာလတွင် အဆင်မပြေသဖြင့် New Way Shoe Co., Ltd ၏ လုပ်ငန်း ကိစ္စအဝဝကို ၂၀၂၀-၂၀၂၁ ခုနှစ်တွင် Mountain Top Co., Ltd ကို လွှဲပြောင်းပေးခဲ့ကြောင်း၊

Mountain Top Co., Ltd သည် ဝါးတစ်ရာစက်မှုဇုန်တွင် စက်ရုံရှိပြီး ၂၀၁၈ ခုနှစ်တွင် လိုင်စင်ရပြီးဖြစ်ကြောင်း၊ New Way Shoe Co., Ltd မှ အလုပ်သမားများအား ဝါးတစ်ရာ စက်မှုဇုန်ရှိ Mountain Top Co., Ltd စက်ရုံသို့ ပြောင်းရွှေ့လုပ်ကိုင်ရေး အလုပ်သမားများအား ပြောကြားရာ သဘောမတူကြသဖြင့် ဟုက်ပြယ်သွားခဲ့ကြောင်း၊ ပြောင်းရွှေ့ပါက ပြောင်းရွှေ့ကြေးအဖြစ် ခုဝ% ၊ နေ့ခ(၂) နှစ်အတွင်း ၇ဝ% ပေးပြီး အားလုံးသဘောတူပါက ခေါ်ယူမည် ဖြစ်ကြောင်း၊ စက်ဖြတ်ဌာနမှ အလုပ်သမား ဒေါ်ခင်ချစ်သဲကျော်အား သန့်ရှင်းရေးအဖြစ် ပြောင်းရွှေ့စေခြင်းမဟုတ်ပါကြောင်း၊ New Way Shoe Co., Ltd စက်ရုံအနေဖြင့် (၃-၆-၂၀၂၃) ရက်နေ့နေနာက်ပိုင်း နှစ်နာကြေးတောင်းခံမှုအပေါ် Mr. Yaung Ju Hsuehမှ လွှဲပြောင်းကတိစာချုပ်အရ မူလလုပ်သက်၊ မူလနေရာ၊ မူလလစာပေးရန် တာဝန်ယူခဲ့ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖွင့်ရက်နှင့်အလုပ်ပိတ်ရက်ဥပဒေပုဒ်မ ၅၁ အရ လည်းကောင်း၊ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ပုဒ်မ ၃၅ ၊ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ အလုပ်ရပ်စဲမှုသာ ပေးရန်ဖြစ်ကြောင်း၊ လွှဲပြောင်း၊ ငှားရမ်းခြင်းအတွက် နှစ်နာကြေးပေးရမည်ဟူမပါရှိသောကြောင့်လည်းကောင်း၊ ကုမ္ပဏီ၏လုပ်ငန်းအား ရောင်းချခြင်းမဟုတ်တဲ့ လုပ်ငန်းသာလွှဲပြောင်းခြင်းဖြစ်သောကြောင့် နှစ်နာကြေး မပေးနိုင်ကြောင်း ဒေါ်ခိုင်သဇင်မြင့်မှ ထွက်ဆိုခဲ့ပါသည်။

၆။ Mountain Top Co., Ltd ပိုင်ရှင် Mr. Yaung Ju Hsueh ၏ ထွက်ဆိုချက်အရ ၎င်းသည် ဝါးတစ်ရာစက်မှုဇုန်တွင် လုပ်ကိုင်ခဲ့ပြီး MD ရာထူးဖြင့် လုပ်ကိုင်ခဲ့ကြောင်း၊ ဝါးတစ်ရာ စက်မှုဇုန်တွင် စတင်လုပ်ကိုင်ခဲ့စဉ်က လုပ်သား (၅၀၀)ဦးခန့်ရှိပြီး ယခု (၂၀)ဦးခန့်သာရှိတော့ကြောင်း၊ Mountain Top Co., Ltd အမည်ဖြင့် ယခင် New Way Shoe Co., Ltd (လိုင်သာယာ)တွင် ၂၀၂၀၊ ၂၀၂၁ ခုနှစ်မှ စတင်၍ လုပ်ကိုင်ခဲ့ပြီး လိုင်စင်မပြောင်းဘဲ အငှားစာချုပ် ချုပ်ဆိုပြီး New Way Shoe Co., Ltd တွင် ဆက်လက်လုပ်ကိုင်၍ အလုပ်သမားအားလုံးကို ကိုဗစ်ကာလမှစပြီး လွှဲပြောင်းယူရန် လုပ်ကိုင်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ကုမ္ပဏီလွှဲပြောင်းချုပ်ဆိုခဲ့ပြီး အလုပ်သမားများကိုယ်စား ဒေါ်ကျော်ကေခိုင်နှင့် ဦးကိုကိုလိုင်တို့(၂)ဦးအား အသိပေးပြီး သက်သေလက်မှတ်ရေးထိုးစေရာ မထိုးနိုင်ဟုပြော၍ မထိုးခဲ့ကြကြောင်း၊ MIC တွင် New Way Shoe Co., Ltd လိုင်စင်ပိတ်သိမ်းရန် တင်ပြထားဆဲဖြစ်ပြီး၊ အခွန်ကြွေးကျန်ကိစ္စရှင်းလင်းမပြီးသေးကြောင်း၊ New Way Shoe Co., Ltd တည်ဆောက်ထားသော စက်ရုံမြေသည် New Way Shoe Co., Ltdမှ ပိုင်ဆိုင်သောမြေဖြစ်ကြောင်း၊ ဝါးတစ်ရာစက်မှုဇုန်ရှိ Mountain Top Co., Ltd သည် (၂၉-၁၀-၂၀၁၈)ရက်နေ့တွင် ကုမ္ပဏီလိုင်စင်ရရှိပြီးဖြစ်ပါကြောင်း၊ Mountain

Top Co., Ltd မှ (၂၄-၁၁-၂၀၂၃)ရက်နေ့ ရက်စွဲပါစာဖြင့် လိုင်သာယာမြို့နယ်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ (၇-၁၀-၂၀၂၃)ရက်နေ့မှစပြီး Mountain Top Co., Ltd စက်ရုံအမည်၊ ပိုင်ရှင်အမည် Mr. Yaung Ju Hsueh အမည်ဖြင့် ပြောင်းလဲလုပ်ကိုင်မည် ဖြစ်ကြောင်း၊ အလုပ်သမားများ မူလအခွင့်အရေး ခံစားခွင့်များလျော့ချခြင်း၊ ပြောင်းလဲခြင်း မပြုဘဲ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း၊ Mr. Yaung Ju Hsueh အနေဖြင့် အလုပ်သမား အားလုံးအတွက် မူလရာထူး၊ မူလလစာ၊ မူလနေရာ၊ လုပ်သက်ကြေး၊ မူလလုပ်သက်အတိုင်း ဆက်လက်ခံစားခွင့်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထိုအတိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ EC စာချုပ် ချုပ်ဆိုပါက အလုပ်သမားများ၏ မူလလုပ်သက်အတိုင်း ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့တွင်လည်း Mountain Top Co., Ltd အမည်သို့ ပြောင်းလဲလုပ်ကိုင်ရန် တင်ပြထားပြီးဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။

သုံးသပ်ချက်

၇။ ဒေါ်ကျော့ကေခိုင်ပါ (၄၁၆)ဦး တင်ပြထားတောင်းဆိုသည်ဟု တင်ပြထားသော်လည်း အလုပ်သမား(၅၀)ဦး လက်မှတ်ရေးထိုးထားခြင်းမရှိ၍ (၃၆၆)ဦးသာ တောင်းဆိုသည်ဟု သုံးသပ်ပါသည်။ မူလမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် တိုင်ကြားစဉ်က ဒေါ်ခင်ချစ်သဲကျော်နှင့် အလုပ်သမားများအနေဖြင့် တိုင်ကြားခဲ့သော်လည်း ခုံသမာဓိသို့ ရောက်ရှိချိန်တွင် ဒေါ်ခင်ချစ်သဲကျော် အလုပ်နှုတ်ထွက်သွားသဖြင့် ဒေါ်ကျော့ကေခိုင်ပါ အလုပ်သမား (၄၁၆)ဦးအနေဖြင့် တောင်းဆိုခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။ New Way Shoe Co., Ltd နှင့် Mountain Top Co., Ltd (၂)ခုတို့သည် ရုယ်ယာရှင် ဒါရိုက်တာများ ငွေကြေးလုပ်ငန်းအရ ဆက်စပ်မှုရှိသည်ဟု မှတ်ယူနိုင်သည်။ New Way Shoe Co., Ltd အား ရောင်းချမှုမရှိ ကုန်ထုတ်လုပ်ငန်းနှင့် ငွေကြေး၊ ကျွမ်းကျင်မှုလုပ်ငန်းများတွင် ကိုဗစ်ကာလ ၂၀၂၀ ခုနှစ်ခန့်မှစ၍ အကျိုးတူ ပတ်သက်ဆက်စပ်လုပ်ကိုင်ခဲ့ကြကြောင်း ယနေ့တိုင် New Way Shoe Co., Ltd ၌ ကုန်ထုတ်လုပ်ငန်းကို Mountain Top Co., Ltd မှ တာဝန်ယူ ဝင်ရောက်လုပ်ကိုင်မှုရှိနေကြောင်း အလုပ်သမားများ၏ လုပ်ခများကို Mountain Top Co., Ltd တာဝန်ရှိသူမှ ရှင်းလင်းပေးချေထားကြောင်း လစာစာရင်းများအရ စီစစ်တွေ့ရှိရသည်။ ကုမ္ပဏီ(၂)ခုသည် (၃-၆-၂၀၂၃)ရက်နေ့တွင် လွှဲပြောင်းစာချုပ် ချုပ်ဆိုခဲ့ကြပြီး အလုပ်သမားများ၏ မူလရာထူး၊ မူလလုပ်ခ၊ မူလနေရာ၊ မူလလုပ်သက်နှင့် ရရှိသည့်လုပ်သက်ကြေးများအတိုင်း ယခုလတိုင် ဆက်လက်ခံစားရရှိနေကြကြောင်းတွေ့ရှိရသဖြင့် နစ်နာမှုမရှိဟု မှတ်ယူနိုင်ပြီး အမည်ပြောင်းလဲသော အလုပ်ရှင်သည်

မူလကတည်းက စက်ရုံတွင် ဝင်ရောက်လုပ်ကိုင်နေသောသူဖြစ်၍ အလုပ်သမားများနှင့်လည်း အထိအတွေ့ရှိသူဖြစ်ကြောင်း သုံးသပ်ရပါသည်။ အလုပ်သမားဝန်ကြီးဌာန၏ (၃-၇-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၈၄/၂၀၁၅)အရ အလုပ်ရပ်စဲခံရမှု မရှိသည့်အတွက် နစ်နာကြေးပေးရန် မသင့်ကြောင်း၊ စက်ရုံသည်လည်း မူလနေရာတွင်သာတည်ရှိပြီး အလုပ်သမားများ၏ ခံစားခွင့်လည်း လျော့နည်းခြင်းမရှိကြောင်း သုံးသပ်ရသည်။ လက်ရှိစားဝတ်နေရေးခက်ခဲသည့်ကာလတွင် အလုပ်အကိုင် အခွင့်အလမ်းများလည်း မထိခိုက်၊ ရမြဲလုပ်ခလစာနှင့် လုပ်သက်ကြေးများအတိုင်းလည်းရရှိပြီး၊ လက်ရှိအခြေအနေတည်ငြိမ်မှုကို ရှေးရှုပြီး အလေးအနက်ထား စဉ်းစားဆုံးဖြတ်သင့်သည့်အတွက် အလုပ်သမားများတောင်းဆိုသော လုပ်သက်အလိုက် ရပ်စဲမှုနစ်နာကြေးပေးရန်မသင့်ကြောင်း သုံးသပ်ရရှိပါသည်။ တည်ဆဲအလုပ်သမားဥပဒေများဖြစ်သော အလုပ်ရုံများအက်ဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ အနည်းဆုံးအခကြေးငွေဥပဒေ၊ အခကြေးငွေပေးချေရေးဥပဒေ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေ၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ အငြင်းပွားမှုဖြေရှင်းရေးဥပဒေများအရ " အလုပ်ရှင်ဆိုသည်မှာ ပိုင်ဆိုင်သူ၊ အုပ်ချုပ်သူ အရပ်ရပ်စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ကျနစွာဖွဲ့စည်းသည့် (သို့မဟုတ်) မဖွဲ့စည်းသည့် ပုဂ္ဂိုလ်တစ်ခု၊ အလုပ်သမားအား စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး အလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူ၊ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ လုပ်ငန်းကိုကြီးကြပ်အုပ်ချုပ်ရန် အစုစပ်လုပ်ငန်းက လွှဲအပ်ခြင်းခံရသူ၊ အလုပ်ရှင်ကိုယ်စား စီမံအုပ်ချုပ်သူများဖြစ်ကြောင်း " ဖော်ပြထားပြီး ပြဋ္ဌာန်းထားရှိပါသည်။ သို့ဖြစ်ပါသဖြင့် New Way Shoe Co., Ltd တွင် ၂၀၂၀ခုနှစ်ကတည်းက ကြီးကြပ်လုပ်ကိုင်နေသော Mountain Top Co., Ltd မှ ပိုင်ရှင်နှင့် စက်ရုံအမည်ပြောင်းလဲမှုသည် အလုပ်သမားများအတွက် ဆုံးရှုံးနိုစ်နာမှုမရှိကြောင်းတွေ့ရှိ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်။ အလုပ်သမားများ၏ ရမြဲအခွင့်အရေးများ ဆက်လက်ခံစားရရှိနေသည့်အတွက် တောင်းဆိုသော နစ်နာကြေးပေးရန်မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရဲဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်စာခင်မောင်အေး)
အဖွဲ့ဝင်

(လစ်လပ်)
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ကျော်ညွန့်)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

(လစ်လပ်)
အဖွဲ့ဝင်

(ငြိမ်းမောင်)
အဖွဲ့ဝင်